# မိလိန္ဒပဉှကျမ်း မိတ်ဆက်

မိလိန္ဒမင်းကြီးက မေးမြန်းအပ်သော ပုစ္ဆာပြဿနာများကို ရှင်နာဂသေန(ရှင်နာဂသိန်) ရဟန္တာမထေရ်က ဖြေကြားအပ်သော ကျမ်းဖြစ်၍ "မိလိန္ဒပဉှကျမ်း"ဟု ခေါ်၏။ ဘီစီ (၁)ရာစုလောက်က ပေါ်သည်ဟု ပညာရှင်များ ခန့်မှန်းကြ၏။ ဤကျမ်းသည် ပါဠိစာပေ၌ အလွန် ထင်ရှား၏။ သို့သော် ဘုရားဟော ပါဠိတော်ကား မဟုတ်။ အလွန်တရာ လေးနက်ပြီး သိသင့်သိထိုက်သော အချက်အလက်များလည်း ပါဝင်နေသဖြင့် ဘုရားဟောကဲ့သို့ လေးစားအပ်သောကြောင့် မင်းတုန်းမင်းကြီး လက်ထက်တွင် သုတ္တန်ပိဋကတ် (ခုဒ္ဒကနိကာယ်)သို့ သွင်း၍ သင်္ဂါယနာ တင်ခဲ့ကြ၏။ ဤကျမ်း၌ အမေးပုစ္ဆာပေါင်း ၂၅၀-ခန့် ပါရှိ၏။

## အိန္ဒိယနှင့် ဂရိက်လူမျိုးများ

### အလက်ဇန္ဒားဘုရင်

ဘီစီ ၃၃၆-ခုတွင် ဂရိက်နိုင်ငံ၌ အလက်ဇန္ဒား စစ်ဘုရင်ကြီး အုပ်ချုပ်ခဲ့၏။ အိမ်နီးချင်းပါရှား နိုင်ငံကို သိမ်းပိုက်ပြီး ဘီစီ ၃၂၆-ခုတွင် အိန္ဒိယနိုင်ငံ အိန္ဒုမြစ်ဝှမ်းဘက်အထိ နယ်မြေ ချဲ့ထွင်လာခဲ့၏။ ဘီစီ ၃၂၃-ခုတွင် သူနတ်ရွာစံပြီး ကျန်ခေါင်းဆောင်များ ဆက်လက်အုပ်ချုပ်ကြ၏။

အိန္ဒိယလူမျိုးတို့သည် နယ်မြေဆုံးရှုံးမှုကို ယခင်ကပင် မကျေနပ်ခဲ့ကြ။ ဘီစီ ၃၂၄-ခုတွင် မောရိယ မင်းဆက်ကို တည်ထောင်သူ စန္ဒဂုတ်မင်းသည် ဂရိက်များကို အပြီးတိုင် တွန်းလှန်ခဲ့သဖြင့် ဘီစီ ၃၂၁-တွင် ဂရိက်တို့ အုပ်ချုပ်မှု နိဂုံးချုပ်ခဲ့၏။ ဤသို့ အလက်ဇန္ဒားမင်း၏ ဂရိက်လူမျိုးတို့နှင့် စန္ဒဂုတ်မင်း၏ အိန္ဒိယလူမျိုးတို့ တိုက်ခိုက်ခြင်း ရလဒ်ထူးမှာ ဂရိက်လူမျိုးများသည် ဗုဒ္ဓဘာသာဝင် များထံမှ အဘိဓမ္မာ ဒဿနပညာရပ်များနှင့် ဘာသာရေးအယူဝါဒများကို သင်ကြားရရှိသွားကြ၏။

### အသောကမင်း

စန္ဒဂုတ်မင်းကွယ်လွန်သော် သူ၏သားတော် "ဗိန္ဒုသာရ"သည် ဘီစီ ၃၀၂-ခုနှစ်တွင် မဂဓတိုင်း၊ ပါဋလိပုတ်ပြည်၌ ထီးနန်းဆက်ခံ၏။ ဗိန္ဒုသာရမင်းသည် ဘီစီ ၂၇၃-ခုနှစ်ခန့်တွင် ကွယ်လွန်လေ၏။ ဗိန္ဒုသာရမင်း ကွယ်လွန်၍ ၄-နှစ်ကြာသော် သားတော် "အသောက"မင်းသည် ဘီစီ ၂၆၉-ခုနှစ်ခန့်တွင် မင်းဖြစ်လာခဲ့၏။ နှစ်ပေါင်း ၃၇-ခန့် ထီးနန်းအုပ်ချုပ်ခဲ့ပြီး ဘီစီ ၂၃၂-တွင် နတ်ရွာစံခဲ့၏။ အသောကမင်း

နတ်ရှာစံပြီး တိုင်းပြည်စီးလုံးမှ ပျက်ပြားကာ ဘီစီ ၃-ရာစုတွင် ဂရိက်များ ထပ်ဝင်လာပြန်ပြီး မြို့ပြ တိုင်းပြည်များ တည်ထောင်ကြ၏။

**မိလိန္ဒမင်း**

နှောင်းခေတ်ရောက်လာသောအခါ ယောနကတိုင်း သာဂလ နေပြည်တော်၌ မေနန္ဒာခေါ်- မိနန္ဒာခေါ်- မိလိန္ဒမင်းကြီး ပေါ်လာ၏။ ထိုအချိန်သည် ဘီစီ ၁၅ဝ-နှင့် ၁၀၀ အကြားတွင် ဖြစ်နိုင်ကြောင်း ပညာရှင်များ ဆို၏။ သာဂလနေပြည်တော်သည် ယခုခေတ် ပန်ဂျပ်ပြည်နယ်, သို့မဟုတ် ကသ္မီရနှင့် ပန်ဂျပ်ပြည်နယ်တို့၏ စပ်ကြား၌ တည်ရှိသော ဆီးယာလ်ကွတ် ဒေသဖြစ်ကြောင်း သိရ၏။ ထိုယောနကတိုင်း အရပ်သည် အသောကမင်းလက်ထက် ကိုးတိုင်းကိုးဌာန သာသနာပြု စေလွှတ်ရာ တွင် "ယောနက မဟာဓမ္မရက္ခိတ"မထေရ် ကြွရောက်ခဲ့သော အရပ်ဖြစ်၏။ ထို့ကြောင့် ထိုအရပ်ဒေသ သည် ဗုဒ္ဓဘာသာထွန်းကားနေပြီဖြစ်ကြောင်း မှတ်ယူနိုင်၏။ ဂရိက်ဘုရင်ကြီး မိနန္ဒာ (ဝါ) မိလိန္ဒသည် လည်း ရှေးဂရိက်နွယ်ဖွားများ ကိုးကွယ်ခဲ့သော ဗုဒ္ဓဘာသာကို လေ့လာလိုက်စားသည်ဟု ဆို၏။ ထို့ကြောင့် မိလိန္ဒမင်းကြီးသည် ဗုဒ္ဓဘာသာ, ဗုဒ္ဓစာပေနှင့် စောစောကပင် တွေ့ထိရင်းနှီးခဲ့သည်ဟု ယူဆ နိုင်၏။

မိလိန္ဒမင်းကြီးသည် ရဟန္တာ အရှင်နာဂသိန်နှင့် တွေ့ပြီး, တရားဓမ္မနှင့် ပတ်သက်၍ ဖြေရှင်းချက် များကို ကြားနာပြီးနောက် ထီးနန်းစွန့်ကာ ရဟန်းပြုပြီး, **နောက်ပိုင်းတွင် ရဟန္တာဖြစ်သွားခဲ့၏။**

**အရှင်နာဂသိန် (နာဂသေန)**

ရှင်နာဂသိန်သည် မဇ္ဈိမဒေသ, မဂဓတိုင်း အရှေ့ဘက် နယ်နိမိတ်များပေါ် ရှိ "ဂဇင်္ဂလ"မည်သော မြို့ငယ်ဇနပုဒ်၌ မွေးဖွားခဲ့၏။ ရှင်နာဂသိန်နှင့် ပတ်သက်၍ မိလိန္ဒမင်းကြီးလောက် သမိုင်းအထောက် အထား များများမတွေ့ရပေ။ သို့သော် (၁) အေဒီ ၅-ရာစုက ရေးသားခဲ့သော ပါဠိအဋ္ဌကထာကျမ်းများ၊ (၂) အေဒီ ၃-ရာစု၊ ၄-ရာစု၊ ၅-ရာစုတို့၌ ၃-ကြိမ် ဘာသာပြန်ခဲ့သော တရုတ်ဘာသာပြန်ကျမ်းများ၊ (၃) အေဒီ ၆-ရာစုက ရေးသားခဲ့သော သက္ကတဘာသာ အဘိဓမ္မာကျမ်း.... ဤသုံးနေရာတို့၌ တွေ့ရှိရ၏။ တရုတ်ဘာသာပြန်ကျမ်းများကား ပို၍ ထူးခြား၏။ ဤမိလိန္ဒနှင့် ရှင်နာဂသိန်တို့၏ အမေးအဖြေကျမ်း ကို "မိလိန္ဒပဉှ"ဟု မခေါ်ဘဲ "ဘိက္ခုနာဂသေန သုတ္တ= ရှင်နာဂသိန်မထေရ်၏ သုတ္တန်ကျမ်း"ဟု ရှင်နာဂသိန်ကို အလေးပေးကာ ကျမ်းအမည်ကို ပေးထား၏။

## မိလိန္ဒပဉှကျမ်း၏ ထူးခြားချက်

ဤကျမ်း၏ ရေးသားဟန်သည် အလွန်စိတ်ဝင်စားဖွယ် ကောင်း၏။ ပါဠိကျမ်းများ၌ တွေ့မြင်နေကြ ပုံစံမျိုး မဟုတ်ပေ။ သူ၏ အခြေခံသဘောလက္ခဏာမှာ "အမေး-အဖြေ"ပုံစံနှင့် ရှိသဖြင့် စာဖတ်သူကို ဆွဲဆောင်နိုင်၏။ တနည်းအားဖြင့် ယခုခေတ် စကားစစ်ထိုးပွဲနှင့် တူလှ၏။ မေးသူကလည်း ခဲရခဲဆစ်များကို နှိုက်နှိုက်ချွတ်ချွတ် မေး၏။ ဖြေသူကလည်း ဥပမာမျိုးစုံပေး၍ တိတိကျကျ ရှင်းရှင်းလင်းလင်း ကွက်ကွက်ကွင်းကွင်း ပြေအောင် ဖြေဆိုသွား၏။ အလွန်မှတ်သားစရာ ကောင်းလှ၏။ ထို့ကြောင့် အဋ္ဌကထာဆရာ ရှင်မဟာဗုဒ္ဓဃောသ မထေရ်က အဋ္ဌကထာကျမ်းကြီးများကို ရေးသားသောအခါ မိလိန္ဒကျမ်းနှင့် ရှင်နာဂသိန်တို့ကို အမည်တပ်၍ ၄-ကြိမ်မျှ ကိုးကားခဲ့ပေသည်။ ထို့ကြောင့်လည်း "မိလိန္ဒပဉှကျမ်း"သည် ပါဠိစာပေလောက၌ "ပမာဏ"ပြုလောက်သည့် လေးစားထိုက်သော ကျမ်းတစ်ဆူ ဖြစ်ပေသည်။

## ကျမ်းရေးသားခဲ့သည့် ခေတ်

တွေ့ရှိရသမျှ မှတ်တမ်းများအရ ပညာရှင်များက အေဒီ ၃-ရာစု မတိုင်မီလောက်ကပင် တည်ရှိနေခဲ့ပြီဟု ယူဆကြ၏။ တချို့လည်း အေဒီ ၂-ရာစုလောက်ကပင် တည်ရှိနေပြီဟု ယူဆကြ၏။ ဘီစီ ၁-ရာစု အလယ်ပိုင်းလောက်အထိ မိလိန္ဒမင်းကြီး အုပ်စိုးခဲ့သဖြင့် ဤကျမ်းကို ခရစ်နှစ်ဦးပိုင်းလောက်က မှတ်တမ်းတင် ရေးသားခဲ့သည်ဟူသော အချက်မှာလည်း လွန်ရာမကျပေ။

ကျမ်းကို မှတ်တမ်းတင်ရာ၌ ဘာသာမျိုးစုံ ဖြစ်နေ၏။ ခေတ်အဆက်ဆက် တင်ခဲ့ကြ၏။ ယခုလက်ရှိ ပါဠိမူကို မှတ်တမ်းတင်ခဲ့သူကိုကား ဤကျမ်းနိဂုံး၌ ပြဆိုထား၏။ သီဟိုဠ်ကျွန်း, ဒေါဏိမြို့၌ နေသည့် "ဒေါဏိ"မထေရ်ဖြစ်ကြောင်း မှတ်တမ်းတင်ထား၏။

ဒေါဏိမထေရ်၏ ဤပါဠိကျမ်းစာမူသည် တရုတ်ဘာသာပြန်များကို ထောက်ဆ၍ အေဒီ ၃-ရာစု မတိုင်မီကပင် တည်ရှိနိုင်ခဲ့ပြီး၊ ထိုအချိန်မှစ၍ တောင်ပိုင်းဗုဒ္ဓဘာသာ မထေရ်မြတ်တို့ တညီ-တညွတ်တည်း လက်ခံ၍ အဆင့်ဆင့် ဆောင်လာခဲ့သော မူတစ်ခု ဖြစ်သည်ဟူ၍ ယူဆနိုင်၏။

## ကျမ်းဖွဲ့စည်းပုံ

ဤမိလိန္ဒပဉှကျမ်းကို အပိုင်းကဏ္ဍကြီး ၆-ခု၊ 'ဝဂ်'ဟုခေါ်သော အပိုင်းငယ်ပေါင်း ၂၅-ခုတို့ဖြင့် ဖွဲ့စည်းထား၏။

(၁) ပုဗ္ဗယောဂ= နောက်ကြောင်း သမိုင်းနိဒါန်း အပိုင်းတစ်ခု၊

(၂) မိလိန္ဒ ပဉှကဏ္ဍ= ဝဂ် ၂-မှ ၈-အထိ (၇)ခု၊

(၃) လက္ခဏ ပဉှကဏ္ဍ= တရားဓမ္မဆိုင်ရာ ဝဂ် ၉- တစ်ခုတည်း၊

(၄) မေဏ္ဍက ပဉှကဏ္ဍ = ဝဂ် ၁၀-မှ ၁၄-အထိ (၅)ခု၊

(၅) အနုမာန ပဉှကဏ္ဍ = ဝဂ် ၁၅-မှ ၁၈-အထိ (၄)ခု၊

(၆) ဩပမ္မကထာ ပဉှကဏ္ဍ = ဝဂ် ၁၉-မှ ၂၅-အထိ (၇)ခု၊

**ပုစ္ဆာပေါင်း....**

ဤကျမ်း၌ မူလက ပုစ္ဆာပေါင်း **၃၀၄**-ခုရှိသည်ဟု ဆို၏။ ဤ၌ မူအမျိုးမျိုး ကွဲနေ၏။ ယခု ဆဋ္ဌမူ၌ ပုစ္ဆာပေါင်း **၂၃၇**-ခု ရှိ၏။ ရှင်အာဒိစ္စဝံသမူ၌ ပုစ္ဆာပေါင်း **၂၄၅**-ခုဟု ဆို၏။ ဒန့်တိုင်ဆရာတော်မူ၌ ပုစ္ဆာပေါင်း **၂၃၈**-ခု ဟုဆို၏။ မင်းကွန်း ဇေတဝန်ဆရာတော်မူ၌ ဆဋ္ဌမူအတိုင်းပင် **၂၃၇**-ခုဟု ဆို၏။

ဤသို့ မတူကြရခြင်း အကြောင်းမှာ ပုစ္ဆာရေတွက်ရာဝယ် အချို့ထပ်နေ၏။ အချို့ကား လိုနေ၏။ အချို့ ပေါင်းနေ၏။ ထို့ကြောင့် အမျိုးမျိုး ဖြစ်နေ၏။

(မှတ်ချက်။ ဆရာကြီး ဦးမြင့်ဆွေ(မဟာဝိဇ္ဇာ၊ လန်ဒန်)ရေးသော စာအုပ်၌ ရှင်အာဒိစ္စဝံသ၏ မူသို့လိုက်၍ ၂၄၅-ကို မူထားပြီး၊ အချို့ပုစ္ဆာများကို ရှင်းအောင် ခွဲထုတ်ကာ မာတိကာ၌ ပုစ္ဆာပေါင်း ၂၆၀- ရှိသည်ကို တွေ့ရ၏။)

ဤသို့အားဖြင့် ဤမိလိန္ဒပဉှကျမ်းသည် ခေတ်အဆက်ဆက် ကျော်ဖြတ်ကာ ဘာသာအမျိုးမျိုးဖြင့် လက်ဆင့်ကမ်းသယ်ဆောင်လာရသဖြင့် မူပျက်သလို ဖြစ်နေသည်။ သို့သော်လည်း ကျမ်းထဲ၌ ဗုဒ္ဓဘာသာဝင်တို့ သိသင့် သိထိုက်သည့် လေးနက်သော အချက်အလက်များ, အဘိဓမ္မာ ဆိုင်ရာ အမေးအဖြေများဖြင့်လည်း ပြည့်နှက်နေပြန်၏။ ထို့ကြောင့် မိမိတို့အနေဖြင့် ဤကျမ်းမှ လေ့လာသင့်သည့် အချက်များကို ပညာဉာဏ်ဖြင့် ချင့်ချိန်ကာ လေ့လာသင့်ယူသွားလျှင်ဖြင့် မိမိအတွက် ဗဟုသုတများ ကြွယ်ဝပြီး, အလွန်တရာလည်း အကျိုးရှိကြလိမ့်မည်သာ ဖြစ်ပေသည်။